UMG
Sales & Marketing Dept

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် ခွန်နှစ်ရာငါးဆယ်ကျပ် K 250

(၁)

**"မီးစက်အရောင်းအဝယ်– နှစ်ဦးသဘောတူကတိစာချုပ်"**

**Brand New Matador Generator MC-375B (Open Type) 350KVA(1)Unit**

**(SO No. SBO-BSO-UNT-2024-12-0001)**

**(Sr No. )**

**Contract No. WL-MS-599/2024**

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ(၄)ရက်နေ့တွင် ရွှေဘိုမြို့၌ အောက်အမည်ပါသူတို့က Brand New Matador Generator MC-375B (Open Type) 350KVA (1) Unit မီးစက် အရောင်းအဝယ်သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆို ကြသည်မှာ–

မီးစက်ရောင်းချသူ ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် – ၁၂/မရက(နိုင်)၁၁၄၄၁၁
**(for and on the behalf of Winning Way Co., Ltd.)**
အမှတ်(၆)ရပ်ကွက်၊ ရွှေဘိုမှဉ်ဦးမြောက်ဘက်၊
ရွှေဘို–မန္တလေး ကားလမ်းမကြီးဘေး၊ ရွှေဘိုမြို့။

မီးစက်ဝယ်ယူသူ ။ ။ ဦးဝင်းမျိုးအေး (ဘ) ဦးညွန့်ဝင်း
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၅/ဝလန(နိုင်)၁၅၅၀၁၇
လုပ်ငန်းအမည် – MI BA GONE YOUNG RICE MILL
လိပ်စာ– အမှတ်(၁၀)၊ စက်မှုဇုန်၊ ရတနာလမ်း၊ ရွှေဘိုမြို့။
ဖုန်းနံပါတ် – ၀၉–၂၀၆၃၆၈၉။

(မီးစက်ရောင်းချသူနှင့် မီးစက်ဝယ်ယူသူဟူသော စကားရပ်များကိုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၎င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများအားလုံး ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

**၁။** မီးစက်ရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် မီးစက်ရောင်းချသူမှ ပိုင်ဆိုင်သော Brand New Matador Generator MC-375B (Open Type) 350KVA (1) Unit အတွက် တန်ဖိုးငွေ USD –35,000/- (USD– Thirty Five Thousand Only) (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်ဈေးနှုန်း) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေ Landed Customer Site (Shwe Bo) နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြု ကမ်းလှမ်းလာသည်ကို အဆိုပါ တန်ဖိုးဖြင့်ပင် ဝယ်ယူရန် မီးစက်ဝယ်ယူသူမှ သဘောတူညီပါသဖြင့် ယနေ့တွင် ဤသဘောတူစာချုပ်ကိုချုပ်ဆို၍ မီးစက်ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

**၂။** ဤစာချုပ်ပါ "မီးစက်"ဟူသောစကားရပ်တွင် လက်ငင်းရောင်းချသည့် မူလမီးစက်နှင့်စက်အပိုပစ္စည်းများ၊ မီးစက်ရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် မီးစက်ဝယ်ယူသူမှ မိမိသဘောအလျောက် မီးစက်ရောင်းချသူ၏ ခွင့်ပြုချက်မရရှိဘဲ လဲလှယ်တပ်ဆင်ထားသည့် မီးစက်နှင့်စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

စာမျက်နှာ(၂)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၂၅၀ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250



၃။ မီးစက်ရောင်းချသူက မိမိရောင်းချသော Brand New Matador Generator MC-375B (Open Type) 350KVA (1) Unit မီးစက်သည် အသစ်ဖြစ်ကြောင်းနှင့် ယင်းမီးစက်အား (၁)နှစ်ခွဲ (သို့မဟုတ်) နာရီပေါင်း (၂,၀၀၀) စေ့ရောက်အသုံးပြုပြီးသည်အထိအာမခံပါသည်။ စေ့ရောက်သည့်နေ့ဆိုသည်မှာ စတင်ဝယ်ယူချိန်မှစ၍ တစ်နှစ်ခွဲ ပြည့်မြောက်သောနေ့ (သို့မဟုတ်) အသုံးပြုနာရီ (၂,၀၀၀)ပြည့်သည့်ကာလ(နှစ်)ခုအနက် စောစွာသောရက်ကို သတ်မှတ်ခြင်း ဖြစ်ပါသည်။

၄။ မီးစက်ဝယ်ယူသူသည် မိမိဝယ်ယူသည့်မီးစက်ကို လက်ခံရရှိသည့်အခါတွင်မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့်တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးလက်ခံရမည်။

၅။ အာမခံသည့်ကာလအတွင်း မီးစက်ဝယ်ယူသူ (သို့မဟုတ်) ဝယ်ယူသူ၏ဝန်ထမ်းများ ပေါ့လျော့မှုကြောင့် ပြင်ဆင်ရာတွင် စက်အရံပစ္စည်း (Spare Parts) တစ်စုံတစ်ရာ အစားထိုးလဲလှယ်ပေးရပါက မီးစက်ဝယ်ယူသူက အဆိုပါပစ္စည်း၏တန်ဖိုးကို ပေးရန်တာဝန်ရှိကြောင်း သဘောတူညီပါသည်။

၆။ အာမခံသည့်ကာလအတွင်း မီးစက်ပြင်ဆင်ရန်အကြောင်းပေါ်ပေါက်ပါက ပြင်ဆင်ရမည့်မီးစက်၏ တည်ရှိရာနေရာသည် ရောင်းချသည့်ကုမ္ပဏီသို့မဟုတ် ကုမ္ပဏီရုံးခွဲတည်ရှိရာနေရာမှ မိုင်(၄၀)အတွင်းဖြစ်လျှင် ကုမ္ပဏီအလုပ်သမားများသည် စက်ကိုအခမဲ့ပြင်ဆင်ပေးမည်ဖြစ်ပါသည်။

၇။ ရောင်းချလိုက်သည့်မီးစက်ကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှစ၍ (၁)လအတွင်း ပစ္စည်းလွှဲပြောင်းလက်ခံရယူရမည်။ ပစ္စည်းလွှဲပြောင်း လက်ခံရမည့်နေ့မှ (၂)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူခြင်း မရှိပါကအခြားဝယ်ယူမည့်သူများသို့ မီးစက်ကိုလွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပစ္စည်းလက်ခံရရှိသည့်အခါမှသာမီးစက်ကိုရရှိနိုင်မည်ဖြစ်ကြောင်း မီးစက်ဝယ်ယူသူမှ သဘောတူပါသည်။

<u>ငွေပေးချေခြင်းစနစ်</u>

၈။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator MC-375B (Open Type) 350KVA (1) Unit အတွက်ပထမအရစ်ကျငွေအဖြစ် တန်ဖိုးငွေ USD – 17,500/- (USD– Seventeen Thousand and Five Hundred Only) ကိုကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် (၃၀-၁၁-၂၀၂၄) ရက်နေ့တွင် (RV NO. SBO-RV-2024-11-0042) (၃-၁၂-၂၀၂၄) ရက်နေ့တွင် (RV NO. MDY-RV-2024-12-0018) ဖြင့် ရောင်းချသူ၏ ရွှေဘိုရုံးသို့ ပေးချေရာလက်ခံရရှိပြီးဖြစ်ပါသည်။

၉။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator MC-375B (Open Type) 350KVA (1) Unit အတွက်ကျန်ငွေ USD – 17,500/- (USD– Seventeen Thousand and Five Hundred Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာလ မီးစက်လွှဲပြောင်းချိန်တွင် ရောင်းချသူ၏ ရွှေဘိုရုံးသို့ ပေးချေရန်သဘောတူညီပါသည်။

<u>ရောင်းချသူ၏တာဝန်များ</u>

၁၀။ မီးစက်ရောင်းချသူသည် မီးစက်ဝယ်ယူသူထံသို့ မီးစက်ကို ၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာလတွင် ကုမ္ပဏီ၏ပစ္စည်းထုတ်ပြေစာနှင့်တကွ မီးစက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူတစ်ပါတည်း လက်ရောက်လွှဲပြောင်းပေးအပ်ရာ မီးစက်ဝယ်ယူသူမှ လက်ခံရရှိပါသည်။

၁၁။ ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၂။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက **Winning Way Co., Ltd.** အထွေထွေမန်နေဂျာ **(General Manager)** နှင့် မီးစက်ဝယ်သူဘက်မှတာဝန်ယူ ဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့၏ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

စာမျက်နှာ(၃)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၂၅၀ ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250



ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို မီးစက်ရောင်းချသူနှင့်မီးစက်ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာ အသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျှက် မိမိတို့၏လွပ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါ အသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| <u>မီးစက်ရောင်းချသူ</u> | <u>မီးစက်ဝယ်ယူသူ</u> |
|---|---|
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁) | ဦးဝင်းမျိုးအေး (၅/ဝလန(နိုင်)၁၅၅၀၁၇) |
| **(for and on the behalf of Winning Way Co.,Ltd.)** | **(MI BA GONE YOUNG RICE MILL)** |

<u>အသိသက်သေများ</u>

| | |
|---|---|
| လက်မှတ် – | လက်မှတ် |
| အမည် – ရဲရင့်အောင် | အမည် မနိုမိုကိုသင့် |
| နသအမှတ် – ၅/ရဘန(နိုင်)၂၁၈၇၀၅ | နသအမှတ် ၅/ရသန(နိုင်)၁၁၆၂၀၆ |
| နေရပ် – အမှတ်(၆)ရပ်ကွက်၊ရွှေဘိုမုဥ်ဦးမြောက်ဘက်၊ ရွှေဘို–မန္တလေး ကားလမ်းမကြီးဘေး၊ ရွှေဘိုမြို့။ | နေရပ် [illegible] |

လက်မှတ် –
အမည် – ဦးကျော်စိုးလှ
နသအမှတ် – ၁၂/ရပသ(နိုင်)၀၉၅၂၃၆
နေရပ် – အမှတ်(၆)ရပ်ကွက်၊ရွှေဘိုမုဥ်ဦးမြောက်ဘက်၊
ရွှေဘို–မန္တလေး ကားလမ်းမကြီးဘေး၊ ရွှေဘိုမြို့။